ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No.6 Dong Zhi Men Wai Street, Chao Yang District
Beijing 100600, People's Republic of China
Tel:0086 10 6532 0351, 6532 0412
Fax: 0086 10 65320408

# ပေကျင်းမြို့၊ မြန်မာသံရုံး၏ ရုံးလုပ်ငန်းတာဝန်များနှင့် ဝတ္တရားများ ထမ်းဆောင်လျက်ရှိသည့် အခြေအနေအား အသိပေးဖော်ပြခြင်း

၁။ ပေကျင်းမြို့၊ မြန်မာသံရုံးအနေဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး၊ ကျန်းမာရေး၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာကဏ္ဍများနှင့် ပြည်သူအချင်းချင်းအပြန်အလှန်ဆက်သွယ်မှုများ (People to People Exchanges) စသည့် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို တိုးမြှင့်ဖော်ဆောင်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေထိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများအကျိုး ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်း အတတ်နိုင်ဆုံး အစွမ်းကုန်ကြိုးပမ်းကူညီဆောင်ရွက်ပေးလျက်ရှိနေပါသည်။

၂။ ပေကျင်းမြို့၊ မြန်မာသံရုံးအနေဖြင့် မြန်မာနိုင်ငံသားအကျိုးဆိုင်ရာကိစ္စရပ်များဖြစ်သည့် တရုတ်နိုင်ငံသို့ တရားဝင်ရောက်ရှိနေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများက နေ့စဉ် လာရောက်တင်ပြလျက်ရှိသည့် နိုင်ငံကူးလက်မှတ်သက်တမ်းတိုးကိစ္စရပ်များနှင့် ထောက်ခံစာကိစ္စရပ်များအပါအဝင် ပညာသင်ကျောင်းသားဆိုင်ရာကိစ္စရပ်များ၊ မြန်မာသင်္ဘောသားဆိုင်ရာကိစ္စရပ်များ၊ COVID-19 ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့လျက်ရှိသည့် ယခုကာလများအတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလိုသည့် မြန်မာနိုင်ငံသားများအတွက် Relief Flight များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ထွက်ခွာနိုင်ရေးကိစ္စရပ်များ၊ တရုတ်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်အလုပ်လုပ်ကိုင်ခြင်းကြောင့် ဖမ်းဆီးထိန်းသိမ်းခံနေရခြင်းနှင့် ပြစ်ဒဏ်ကျခံခြင်းခံနေရသည့် မြန်မာနိုင်ငံသားများ ကောင်စစ်အခွင့်အရေးရရှိရေးဆိုင်ရာကိစ္စရပ်များနှင့် ၎င်းတို့အား မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်ရေးကိစ္စရပ်များ စသည့် လုပ်ငန်းတာဝန်များကို စိတ်ရင်းစေတနာ မှန်ကန်ပြည့်ဝစွာဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ထို့အပြင် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ လူမှုရေးအပါအဝင် ကိစ္စရပ်အမျိုးမျိုးဖြင့် သွားရောက်လို၍ ဗီဇာလျှောက်ထားလာသည့် တရုတ်နိုင်ငံသားများကိုလည်း သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ပြည်ဝင်ဗီဇာများ ထုတ်ပေးလျက်ရှိပါသည်။

၄။ အထက်ဖော်ပြပါ ရုံးလုပ်ငန်းတာဝန်များ၊ ဝတ္တရားများ၊ မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်စေရေးအတွက် ကဏ္ဍစုံ၊ ဘက်စုံတို့တွင် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့် နေ့စဉ် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန်လိုအပ်သည့် မြန်မာနိုင်ငံသားအကျိုးဆိုင်ရာကိစ္စရပ်များကို နေ့စဉ်ပုံမှန်ရုံးဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြန်မာသံရုံးဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်မှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားချက်များနှင့်အညီ စောင့်ထိန်းလိုက်နာ၍ မြန်မာနိုင်ငံအကျိုးနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများအကျိုးတို့ကို တာဝန်သိစိတ်ဖြင့် အရှိန်အဟုန်မပျက် ကြိုးပမ်းထမ်းဆောင်လျက်ရှိပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ ပေကျင်းမြို့

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING